Australian Government
Department of Human Services

BURMESE

# ဩစတြေးလျနိုင်ငံသို့ မကြာသေးမီက ရောက်ရှိလာခဲ့သလား။

ဤလက်ကမ်းစာစောင်တွင် အကယ်၍ သင် ဩစတြေးလျနိုင်ငံသို့ မကြာသေးမီက ရောက်ရှိလာခဲ့လျှင် သင့်အတွက် အသုံးဝင်ကောင်း အသုံးဝင်မည့် အချက်အလက်များ ပါရှိပါသည်။ အခြေချနေထိုင်ရေးမှာ ခက်ခဲသော အတွေ့အကြုံ တစ်ခု ဖြစ်နိုင်ပါသည်။ အသစ်ရောက်လာသူ တစ်ဦးအဖြစ် သင်သည် Australian Government ထံမှ အချို့သော ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများကို ရနိုင်ကောင်း ရနိုင်ပါသည်။

## ကျန်းမာရေး ဝန်ဆောင်မှုများ

ဩစတြေးလျနိုင်ငံတွင် တစ်နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု စနစ်တစ်ခု—Medicare ရှိပါသည်။ Medicare သည် ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည်၊ ၎င်းသည် သင် ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများကို အသုံးပြုသည့်အခါ သို့မဟုတ် ဆေးဝါးများကို ဝယ်ယူသည့်အခါ အထောက်အကူပေးနိုင်သည်။ ၎င်းတွင် အကယ်၍ သင် ဆရာဝန်အားတွေ့ရန် ငွေပေးရလျှင် အချို့ငွေများကို ပြန်ရမည့်အပြင် Pharmaceutical Benefits Scheme သို့မဟုတ် Repatriation Pharmaceutical Benefits Scheme မှတစ်ဆင့် ဈေးနှုန်းပိုမိုသက်သာသည့် ဆေးဝါးများကို ဝယ်ယူရခြင်းတို့ပါဝင်သည်။ မိုသိရှိလိုသော အချက်အလက်များအတွက် **humanservices.gov.au/medicareservices** တွင်ကြည့်ရှုပါ။

ရထိုက်ခွင့် သတ်မှတ်ချက်များနှင့်တကွ Medicare တွင် မည်သို့ စာရင်းသွင်းရမည့်အကြောင်း ပိုမိုသော အချက်အလက်များအတွက် **humanservices.gov.au/medicarecard** တွင်ကြည့်ရှုပါ။

သင်သည် My Health Record တစ်ခုကို သင် Medicare တွင် စာရင်းသွင်းသည့်အခါ ရရှိနိုင်သည်။ My Health Record တစ်ရပ်ဆိုသည်မှာ သင့် ကျန်းမာရေး ဆေးမှတ်တမ်း၏ လုံခြုံစိတ်ချရသော အွန်လိုင်း အတိုချုပ်တစ်ခုဖြစ်သည်။ သင်သည် ၎င်းမှတ်တမ်းတွင် မည်သည်ကို မှတ်တမ်းတင်လိုကြောင်းနှင့် အဆိုပါမှတ်တမ်းကို မည်သူက ကြည့်ရှုနိုင်ကြောင်း ထိန်းချုပ်နိုင်သည်။ သင်သည် သင့် ကျန်းမာရေး ဆေးမှတ်တမ်းကို သင့် ဆရာဝန်များ၊ ဆေးရုံများနှင့် အခြားသော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်ဌာနများအား ဝေမျှပေးကမ်းရန် ရွေးချယ်နိုင်သည်။ သင်သည် သင့်ကလေး၏ My Health Record ကို သူတို့ အသက် 14 နှစ် မပြည့်မချင်း စီမံခန့်ခွဲနိုင်သည်။ သူတို့ အသက် 14 နှစ် ပြည့်သည်နှင့်တစ်ပြိုင်နက် အဆိုပါ ဆေးမှတ်တမ်းများကို သူတို့ကိုယ်တိုင် စီမံခန့်ခွဲနိုင်သည်။

သင်၏ My Health Record အသုံးပြုခြင်းနှင့်ပတ်သက်သည့် ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **myhealthrecord.gov.au** တွင် ကြည့်ရှုပါ သို့မဟုတ် **1800 723 471** ဖြင့်ဖုန်းဆက်ပါ။

အကယ်၍ သင်သည် အချို့သောနိုင်ငံများမှ ဩစတြေးလျနိုင်ငံသို့ အလည်လာရောက်နေလျှင် သင်သည် Reciprocal Health Care Agreements အရ၊ ကုန်ကျစရိတ်အချို့စိုက်ပေးထားသည့် ကျန်းမာရေး ဝန်ဆောင်မှုများကို ရထိုက်ကောင်း ရထိုက်နိုင်ပါသည်။ ဩစတြေးလျနိုင်ငံတွင် အခြား နိုင်ငံအများအပြားနှင့် Reciprocal Health Care Agreements ရှိပါသည်။ ဤနိုင်ငံများပါရှိသည့် စာရင်းတစ်ခုကို **humanservices.gov.au/rhca** တွင်ကြည့်ရှုပါ။

humanservices.gov.au

အကယ်၍ သင်သည် ဤနိုင်ငံများအနက် တစ်နိုင်ငံမှဖြစ်ပြီး ရထိုက်ခွင့်သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် သင်သည် Medicare ဝန်ဆောင်မှုများအတွက် သင် ဩစတြေးလျနိုင်ငံ၌ ရှိနေစဉ် ရထိုက်ကောင်း ရထိုက်နိုင်ပါသည်။

## ကျွန်ုပ်တို့၏ ထောက်ပံ့ကြေးပေးငွေများ

သင် ရရှိနိုင်သည့် ထောက်ပံ့ကြေးပေးငွေများမှာ သင် ကိုင်ဆောင်ထားသည့် ဗီဇာအမျိုးအစား သို့မဟုတ် သင် ဩစတြေးလျနိုင်ငံသား ဖြစ်ပြီးမပြီးအပေါ် မူတည်နိုင်ပါသည်။ သင် သိရှိရန်လိုအပ်သည့် စောင့်ဆိုင်းရမည့်ကာလများအပြင် အခြား စည်းကမ်းချက်များလည်း ရှိကောင်းရှိနိုင်ပါသည်။

အကယ်၍ သင်သည် ဩစတြေးလျနိုင်ငံတွင် အသစ်ရောက်ရှိလာသူဖြစ်ပြီး သင့်တွင် အမြဲတမ်းနေထိုင်သူဗီဇာ၊ လူသားချင်းစာနာဗီဇာ၊ ဒုက္ခသည်ဗီဇာ၊ ကြင်ဖော်ဖက် ယာယီဗီဇာ သို့မဟုတ် ယာယီအကာအကွယ်ပေးသည့် အမျိုးအစား ဗီဇာ တစ်ခုရှိလျှင် သို့မဟုတ် သင်သည် ဩစတြေးလျနိုင်ငံတွင် Special Category ဗီဇာဖြင့် နေထိုင်နေလျှင် သင်သည် ထောက်ပံ့ကြေးပေးငွေ အချို့ကို ရကောင်းရနိုင်ပါသည်။

နေထိုင်သူ သတ်မှတ်ချက်များနှင့်ပတ်သက်သည့် ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **humanservices.gov.au/residencedescriptions**

## ထောက်ပံ့ကြေးပေးငွေများအတွက် သင်၏ တာဝန်များ

ကျွန်ုပ်တို့၏ ထောက်ပံ့ကြေးပေးငွေ အချို့သည် အချို့သော လုပ်ဆောင်မှုများလုပ်စေရန် အပြင် အချို့ ရက်ချိန်းများတက်ရောက်စေရန် သင့်အား သတ်မှတ်ပေးထားသည်။ ဤလုပ်ဆောင်မှုများကို သင်လုပ်ရန်အပြင် သင့် ရက်ချိန်းများကိုတက်ရောက်ရန်သည် သင့် ထောက်ပံ့ကြေးများကို ရပ်ဆိုင်းခြင်းမှရှောင်ရှားစေရန်အတွက် အရေးကြီးပါသည်။

## ကာကွယ်ဆေးထိုးခြင်းနှင့် မိသားစု အကူငွေ

National Immunisation Program Childhood Schedule တွင်ပါရှိသော ကာကွယ်ဆေးများသည် မိသားစု အကူငွေ ထောက်ပံ့ကြေးပေးငွေများနှင့် အချိတ်အဆက်ရှိပါသည်။ မိသားစု ထောက်ပံ့ကြေးပေးငွေများ သင် လက်ခံရရှိနေသည့် ကလေးတစ်ဦးချင်းအတွက် ကာကွယ်ဆေးထိုးရန်သတ်မှတ်ချက်များနှင့်ညီညွတ်မှု ရှိမရှိကို ကျွန်ုပ်တို့ စိစစ်ပါမည်။

အောက်ပါထောက်ပံ့ကြေးပေးငွေများကို သင် ရထိုက်ရန်အတွက် သင့်ကလေးသည် ကာကွယ်ဆေး အပြည့်အစုံထိုးထားရမည်-

- Family Tax Benefit Part A ခံစားခွင့် အပြည့်အဝ
- Child Care Subsidy။

National Immunisation Program Schedule (တစ်နိုင်ငံလုံးဆိုင်ရာ ကာကွယ်ဆေးထိုး အစီအစဉ် လုပ်ငန်းစဉ်) ကိုကြည့်ရှုရန် **health.gov.au/immunisation** တွင်ဝင်ရောက်ကြည့်ရှုပါ။

ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်ပတ်သက်၍ ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **humanservices.gov.au/immunisation** တွင်ကြည့်ရှုပါ။

သင့် ကလေး ကာကွယ်ဆေးထိုးပြီးသောအခါ သင် ကျွန်ုပ်တို့အား ပြောပြရန် မလိုပါ—ကျွန်ုပ်တို့ သူတို့၏ ကာကွယ်ဆေးထိုးထားသည့်အခြေအနေကို Australian Immunisation Register (AIR) တွင် သူတို့၏ Medicare အချက်အလက်ကို သုံး၍ စစ်ဆေးပါသည်။

သင့်အနေဖြင့် ကာကွယ်ဆေးထိုး သမိုင်းကြောင်း ရှင်းတမ်းများကို သင်ကိုယ်တိုင်အတွက် သို့မဟုတ် အသက် 14 နှစ်အောက် သင့်ကလေးအတွက် သူတို့ Medicare အွန်လိုင်းစာရင်းကို myGov မှတစ်ဆင့်ဖြစ်စေ သို့မဟုတ် Express Plus Medicare မိုဘိုင်း အက်ဖ်မှတစ်ဆင့်ဖြစ်စေ ကြည့်ရှုနိုင်သည်။ အကယ်၍ သင်သည် အသက် 14 နှစ် သို့မဟုတ် အထက်ဖြစ်လျှင် သင်သည် သင့်ကိုယ်ပိုင် ကာကွယ်ဆေးထိုး သမိုင်းကြောင်း ရှင်းတမ်းကို ကြည့်ရှုနိုင်သည်။ အကယ်၍ သင့်တွင် myGov စာရင်းတစ်ခု မရှိလျှင် သင်သည် အဆိုပါစာရင်းတစ်ခုကို **my.gov.au** တွင်ဖွင့်လှစ်နိုင်ပြီး Medicare နှင့်ချိတ်ဆက်ထားနိုင်သည်။

စောင့်ဆိုင်းရမည့်ကာလများနှင့်ပတ်သက်၍ AIR **humanservices.gov.au/air**

## တွင် ပိုမိုဖတ်ရှုပါ

အသစ်ရောက်လာသူများသည် ထောက်ပံ့ကြေးပေးငွေများကို တောင်းခံခြင်းမပြုမီ အချို့သော စောင့်ဆိုင်းရမည့်ကာလများကို စောင့်ဆိုင်းရမည်။ ဤကိစ္စအတွက် ခြွင်းချက်များ ရှိပါသည်။ ဥပမာ- အကယ်၍ သင် ဒုက္ခသည် ဗီဇာတစ်ခုဖြင့် ရောက်ရှိလာခဲ့လျှင် ဖြစ်သည်။

သင်၏ စောင့်ဆိုင်းရမည့် ကာလသည် သင် အမြဲတမ်းနေထိုင်သူ ဗီဇာ ရရှိပြီးနောက် သင် ဤနေရာတွင် စတင်နေထိုင်သည့် နေ့ရက်မှ စတင်ပါသည်။ ဤအချိန်ကာလအတွင်း ဩစတြေးလျနိုင်ငံ၌ နေထိုင်ခဲ့သည့်ရက်များကိုသာ စောင့်ဆိုင်းသည့် ကာလတွင် ထည့်တွက်ပါသည်။

ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **humanservices.gov.au/newresidentswaiting** တွင်ကြည့်ရှုပါ။

## အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေး သဘောတူစာချုပ်များ

သင် ကျွန်ုပ်တို့ထံမှ ထောက်ပံ့ကြေးပေးငွေ ရရှိရန် အထောက်အကူပြုစေနိုင်သည့် အခြားနိုင်ငံများနှင့်သဘောတူစာချုပ်များ ကျွန်ုပ်တို့တွင် ရှိပါသည်။ ၎င်းသဘောတူစာချုပ်များသည် သင့်အား အခြားနိုင်ငံမှ ထောက်ပံ့ကြေးပေးငွေ ရရှိရန်ကိုလည်း ထောက်ကူပေးနိုင်သည်။ ဩစတြေးလျနိုင်ငံနှင့်အခြားနိုင်ငံတွင် နေခဲ့သည့်အချိန်သည် ထောက်ပံ့ကြေးပေးငွေ ရထိုက်နိုင်ရန် သင့်အား ထောက်ကူပေးနိုင်သည်။ ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **humanservices.gov.au/issa** တွင်ကြည့်ရှုပါ။

## ဩစတြေးလျနိုင်ငံ ပြင်ပ၌ပေးသည့် ထောက်ပံ့ကြေးပေးငွေများ

အကယ်၍ သင် နိုင်ငံခြားသို့သွားလျှင် သင့် ထောက်ပံ့ကြေးပေးငွေ သို့မဟုတ် လျှော့ဈေးကတ်ပြားအား သက်ရောက်မှု ရှိကောင်းရှိနိုင်သည်။ သင် မည်သည့်ထောက်ပံ့ကြေးပေးငွေကို ရသည့်အပေါ် မူတည်၍ သင်သည်

သင့် ခရီးစဉ် အကြောင်းကို သင် မထွက်ခွာမီ ကျွန်ုပ်တို့အား ပြောပြရန် လိုအပ်နိုင်သည်။ ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **humanservices.gov.au/paymentsoverseas** တွင်ကြည့်ရှုပါ။

# ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများ

## သင့် ဘာသာစကားဖြင့် သတင်းအချက်အလက်များ

ကျွန်ုပ်တို့တွင် ဘာသာစကား 65 ကျော်ဖြင့် သတင်းအချက်အလက်များရှိပါသည်၊ ကျွန်ုပ်တို့၏ ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများကို သင်နားလည်စေရန် ၎င်းသတင်းအချက်အလက်များကို သင် ဖတ်ရှုနိုင်သည်၊ နားထောင်နိုင်သည် သို့မဟုတ် ရုပ်သံဖြင့်ကြည့်ရှုနိုင်သည်။ အင်္ဂလိပ်ဘာသာစကားမှလွဲ၍ အခြားဘာသာစကားဖြင့် ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **humanservices.gov.au/yourlanguage** င်ကြည့်ရှုပါ။

အကယ်၍ သင်သည် ကျွန်ုပ်တို့၏ ထောက်ပံ့ကြေးပေးငွေများ သို့မဟုတ် ဝန်ဆောင်မှုများအနက် တစ်ခုကို တောင်းခံနေလျှင် ကျွန်ုပ်တို့သည် သင် လိုအပ်သည့် စာရွက်စာတမ်းများကို အခမဲ့ ဘာသာပြန်ဆိုပေးပါသည်။

ကျွန်ုပ်တို့ကို ဖုန်း **131 202** ဖြင့် သင့်ဘာသာစကားဖြင့်တစ်စုံတစ်ယောက်နှင့် Centrelink ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများအကြောင်း ပြောဆိုရန် ခေါ်ပါ။ Medicare သို့မဟုတ် Child Support ဝန်ဆောင်မှုများနှင့်ပတ်သက်သည့်အကူအညီအတွက် Translating and Interpreting Service (TIS National) ကိုဖုန်း **131 450** ဖြင့်ခေါ်ပါ။

## Multicultural Service Officers

Multicultural Service Officers သည် ကျွန်ုပ်တို့၏ ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများကို အခြေချပြောင်းရွှေ့လာသူများနှင့်တကွ ဒုက္ခသည်များတို့နှင့် ချိတ်ဆက်ပေးစေရန်အတွက် လူမှုအသိုင်းအဝိုင်းအုပ်စုများနှင့်တကွ အဖွဲ့အစည်းများတို့နှင့်အတူ လုပ်ကိုင်ပေးပါသည်။

# ဒုက္ခသည် ဝန်ဆောင်မှုများ

အကယ်၍ သင်သည် ဩစတြေးလျနိုင်ငံသို့ ဒုက္ခသည်ဗီဇာ သို့မဟုတ် လူသားချင်းစာနာသည့်ဗီဇာဖြင့် ရောက်ရှိလာခဲ့လျှင် သို့မဟုတ် သင့်အား ဩစတြေးလျနိုင်ငံ၌ Permanent Protection Visa ကို ချပေးခဲ့လျှင် သင့်ဘဝသစ်ကို အခြေချရန် ကျွန်ုပ်တို့ သင့်အား ကူညီပေးနိုင်သည်။ ကျွန်ုပ်တို့၏ ဒုက္ခသည် ဝန်ဆောင်မှုများသည် ငွေကြေးအကူအညီ၊ Medicare စာရင်းသွင်းခြင်း၊ Tax file number တစ်ခု ရရှိရန်နှင့် အောက်ပါတို့သို့ လွှဲပို့ပေးခြင်းများတို့ဖြင့် သင့်အား ကူညီပေးနိုင်သည်-

- အင်္ဂလိပ်စာ သင်တန်းများ
- ပညာရေးနှင့် လေ့ကျင့်ရေး
- အလုပ်အကိုင် ပံ့ပိုးပေးမှု
- အခြား အစိုးရနှင့် အသိုင်းအဝိုင်း ဝန်ဆောင်မှုများ တို့ဖြစ်သည်။

သင်၏ Humanitarian Settlement Program ဖြန့်ချီပေးသူသည် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို သင် ရရှိရန် ကူညီပေးပါမည်။ သင်သည် ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများကို တောင်းခံရန် ဝန်ဆောင်မှု စင်တာ တစ်ခုသို့လည်း သွားရောက်နိုင်ပါသည်။

## လူမှုရေး ဝန်ထမ်းများ

ကျွန်ုပ်တို့၏ လူမှုရေးဝန်ထမ်းများသည် ရေတို ဆွေးနွေးအကြံပြုကုစားရေးနှင့် အချက်အလက်များကို သင့်အနေဖြင့် ဤခက်ခဲသောအချိန်များအား ကျော်လွှားသွားစေရန်အတွက် ပံ့ပိုးပေးနိုင်ပါသည်။ လူမှုရေး ဝန်ထမ်းများသည် သင့်အား အထောက်အကူပေးမည့် အခြားသော အထောက်အပံ့နှင့် ဝန်ဆောင်မှုဌာနများနှင့်လည်း ဆက်သွယ်ပေးနိုင်ပါသည်။ လူမှုရေး ဝန်ထမ်းတစ်ဦးနှင့် စကားပြောဆိုရန် ဖုန်း **132 850** ကိုခေါ်ပါ သို့မဟုတ် ဝန်ဆောင်မှုစင်တာ တစ်ခုသို့ သွားရောက်ပါ။

## International Services

ကျွန်ုပ်တို့သည် သင် ကျွန်ုပ်တို့ထံမှ ထောက်ပံ့ကြေးပေးငွေ ရနိုင်မရနိုင်ကို အခြားနိုင်ငံနှင့် လူမှုဖူလုံရေး သဘောတူစာချုပ်အပေါ် အခြေခံပြီး စစ်ဆေးပေးနိုင်ပါသည်။ ကျွန်ုပ်တို့သည် သင် နိုင်ငံခြား ပင်စင် တောင်းခံရန်ကိုလည်း ကူညီပေးနိုင်ပါသည်။ ကျွန်ုပ်တို့အား ဖုန်း **131 673** ဖြင့်ဆက်သွယ်ပါ။

# အခြား အချက်အလက်များ

## သင့်ဘဝတွင် ပြောင်းလဲချက်များအကြောင်းကို ကျွန်ုပ်တို့အား ပြောပြပါ

အကယ်၍ သင့် အခြေအနေများ ပြောင်းလဲလျှင် သင် ကျွန်ုပ်တို့အား ပြောပြရန် လိုအပ်ပါသည်။ ၎င်းပြောင်းလဲချက်များမှာ သင့်လိပ်စာပြောင်းခြင်း၊ အလုပ် သို့မဟုတ် ပညာသင်ယူမှု စတင်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း သို့မဟုတ် သင် ကလေးမွေးလျှင် တို့ဖြစ်သည်။

အကယ်၍ သင့်အခြေအနေများအပေါ် ပြောင်းလဲချက်များအကြောင်းကို ကျွန်ုပ်တို့အား မပြောပြလျှင် ကျွန်ုပ်တို့အနေဖြင့် သင့်အား ထောက်ပံ့ကြေးပေးငွေ ပို၍ပေးမိနိုင်ပြီး ၎င်းပိုပေးထားသည့်ငွေကို သင် ကျွန်ုပ်တို့အား ပြန်ပေးရလိမ့်မည်။

လူများအနေဖြင့် မှန်ကန်သော ထောက်ပံ့ကြေးပေးငွေနှင့် မှန်ကန်သော ငွေပမာဏ ရရှိရန် သေချာအောင် ကျွန်ုပ်တို့ ပုံမှန် စိစစ်ပေးပါသည်။

မည်သည့် လက်ရှိအဖြစ်ဆုံးအချက်အလက်ကို မှတ်တမ်းတင်ရန်နှင့်မည်သို့လုပ်ရန် အကြောင်းအချက်အလက်အတွက် **humanservices.gov.au/notifychanges** တွင်ကြည့်ရှုပါ

## ငွေအကြွေးတင်ရှိခြင်း

တစ်ခါတစ်ရံ၌ လူများသည် ကျွန်ုပ်ထံ ငွေအကြွေးတင်ပါသည်။ အကယ်၍ သင် ကျွန်ုပ်တို့ထံ ငွေအကြွေးတင်လျှင် သင် ကျွန်ုပ်တို့အား ပြန်ပေးရလိမ့်မည်။ ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **humanservices.gov.au/owingmoney** တွင်ကြည့်ရှုပါ။

## Assurance of Support

Assurance of Support တစ်ခုမှာ ဩစတြေးလျနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ရန် လျှောက်ထားသည့်လူတစ်ဦးအား အထောက်အပံ့ပေးရန်အတွက် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ တာဝန်ခံခြင်းတစ်ရပ်ဖြစ်သည်။

အကယ်၍ သင်သည် ဩစတြေးလျနိုင်ငံ၌ Assurance of Support အစီအစဉ်တစ်ရပ်ဖြင့် ရောက်ရှိပြီး သင် ကျွန်ုပ်တို့ထံမှ ဝင်ငွေအကူ ထောက်ပံ့ကြေးပေးငွေ အချို့ကို လက်ခံရရှိလျှင် သင့် အာမခံသူသည် အစီအစဉ်ရှိနေစဉ် ငွေပမာဏ အပြည့်ကို ပြန်ပေးရမည်။

## အင်္ဂလိပ်စာ သင်ယူခြင်း

ကျွန်ုပ်တို့သည် သင့် အင်္ဂလိပ်စာကို သင်ယူနိုင်သည့် သို့မဟုတ် တိုးတက်အောင်လုပ်နိုင်သည့် သင်တန်းများတက်နိုင်အောင် သင့်အား ကူညီပေးနိုင်ပါသည်။ သင် ဩစတြေးလျနိုင်ငံသား တစ်ဦးဖြစ်လိုပါက အင်္ဂလိပ်စာကို သင်ယူရန် သင် လိုအပ်ပါမည်။

အကယ်၍ သင်သည် အခြေချပြောင်းရွှေ့လာသူ၊ ဒုက္ခသည်၊ သို့မဟုတ် လူသားချင်းစာနာသည့်ရှုထောင့်မှဝင်လာသူ တစ်ဦးအဖြစ် ဩစတြေးလျနိုင်ငံသို့ လာရောက်ရန် ဗီဇာချပေးခံခဲ့ရပါက၊ သင်သည် Department of Educations Adult Migrant English Program (AMEP) မှတစ်ဆင့် အခမဲ့ အင်္ဂလိပ်စာကို သင်ယူနိုင်ပါသည်။ သင်သည် ဩစတြေးလျနိုင်ငံသို့ ရောက်လာပြီး သို့မဟုတ် အမြဲတမ်း နေထိုင်သူ ခွင့်ပြုခံရပြီး 6 လ (သို့မဟုတ် အကယ်၍ အသက် 15 နှစ်နှင့် 17 နှစ်အကြားဖြစ်လျှင် 12 လ) အတွင်း AMEP သင်တန်းပို့ချကျောင်းများအနက် တစ်ခုနှင့် မှတ်ပုံတင်ထားရန်လိုအပ်သည်။

Skills for Education and Employment အစီအစဉ်သည် အလုပ်အကိုင် ရရှိရေးနှင့် အလုပ်အကိုင်ကို ထိန်းထားရေး အတွက် သင့်အခွင့်အလမ်းများကို တိုးမြှင့်နိုင်စေရန် သင့်အား သင့် အင်္ဂလိပ်စာ၊ အဖတ်၊ အရေးနှင့် အခြေခံ သင်္ချာ ကျွမ်းကျင်မှုများကို တိုးတက်အောင် ကူညီပေးနိုင်သည်။ ဤအစီအစဉ်အတွက် သင် ရထိုက်သည် မရထိုက်သည်ကို သိရှိရန် ကျွန်ုပ်တို့ကို ဖုန်းခေါ်ပါ သို့မဟုတ် ဝန်ဆောင်မှု စင်တာသို့ သွားရောက်ပါ။

## မိသားစုနှင့် အိမ်တွင်း အကြမ်းဖက်မှု

ကျွန်ုပ်တို့သည် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုကြောင့် အကျိုးသက်ရောက်ခံရသည့်လူများအား အချက်အလက်များနှင့် လွှဲပို့မှုများကို ဆောင်ရွက်ပေးခြင်းအားဖြင့် ပံ့ပိုးပေးပါသည်။

ကျွန်ုပ်တို့တွင် အမျိုးမျိုးသော ဘာသာစကားများဖြင့် ရရှိနိုင်သည့် အချက်အလက်များ ရှိပါသည်။ အကယ်၍ သင် သို့မဟုတ် သင် သိသည့်တစ်စုံတစ်ယောက်သည် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုကြောင့် ထိခိုက်ခံရလျှင် **humanservices.gov.au/domesticviolence**

အထောက်အပံ့ကို အောက်ပါတို့မှလည်း ရရှိနိုင်ပါသည်-

**1800RESPECT—1800 737 732** သို့မဟုတ် **1800RESPECT.org.au**

**MensLine Australia—1300 789 978** သို့မဟုတ် **mensline.org.au**

## အပို ပံ့ပိုးမှု

### သင့်ကိုယ်စား တစ်စုံတစ်ယောက်က ကျွန်ုပ်တို့နှင့်ပြောဆိုဆက်သွယ်ရန် ဆောင်ရွက်ခြင်း

အကယ်၍ သင်သည် တစ်စုံတစ်ယောက်အား Centrelink၊ Medicare သို့မဟုတ် Child Support ကိစ္စကို ကျွန်ုပ်တို့နှင့် ဆက်သွယ်ဆောင်ရွက်စေလိုလျှင် သင်သည် သင့်ကိုယ်စား ကျွန်ုပ်တို့နှင့် ဆက်သွယ်ဆောင်ရွက်ရန် လူတစ်ဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုကို ခွင့်ပြုစေနိုင်ပါသည်။

ဤအစီအစဉ်များနှင့်ပတ်သက်၍ ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **humanservices.gov.au/authorisedrepresentative** တွင်ကြည့်ရှုပါ၊ ကျွန်ုပ်တို့အား ဖုန်းခေါ်ပါ သို့မဟုတ် ဝန်ဆောင်မှု စင်တာတစ်ခုသို့ သွားရောက်ပါ။

### သင့် ငွေကြေးကို စီမံခန့်ခွဲခြင်း

သင့်ငွေကြေးကို သင် အသုံးပြုသည့်နည်းလမ်းသည် သင့် ဘဝတစ်လျှောက်၌ ပြောင်းလဲမည်ဖြစ်ပါသည်။ သင့်ဘဝ၌ အမျိုးမျိုးသော အချိန်များတွင် သင့်အား အထောက်အကူပြုမည့် အချက်အလက်များအတွက် **humanservices.gov.au/managingmoney** တွင်ကြည့်ရှုပါ။

### Centrepay

Centrepay သည် မိမိသဘောအလျောက်လုပ်ရသည့် ငွေတောင်းခံလွှာကို-ငွေချေပေးစေသည့် ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး ဝန်ဆောင်မှုရယူသူများအတွက် အခမဲ့ဖြစ်ပါသည်။ Centrepay ကို သင်၏ Centrelink ထောက်ပံ့ကြေးပေးငွေထဲမှ ပုံမှန်ဖြတ်တောက်ငွေများကို စီစဉ်ရန် သုံးပါ။ သင်သည် အိမ်လခ၊ လျှပ်စစ်ဖိုး နှင့် ဖုန်းဖိုးကဲ့သို့သော သင်၏ ပုံမှန် ငွေတောင်းခံလွှာများနှင့် အခြား ကုန်ကျစရိတ်များကို ပေးချေနိုင်ပါသည်။ သင် Centrepay အသုံးပြုခြင်းကို သင်ကြိုက်သည့် မည်သည့်အချိန်တွင်မဆို စတင်လုပ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။ သင့် ဖြတ်တောက်ငွေများကို စလုပ်ရန် သို့မဟုတ် စီမံရန်အတွက် သင်သည် သင်၏ Centrelink အွန်လိုင်း စာရင်းကို myGov မှတစ်ဆင့် သို့မဟုတ် Express Plus မိုဘိုင်းအက်ဖ်မှတစ်ဆင့် လုပ်နိုင်ပါသည်။

ပိုမိုသော အချက်အလက်များအတွက် သို့မဟုတ် အတည်ပြုထားသော စီးပွားလုပ်ငန်းကို ရှာဖွေရန် **humanservices.gov.au/centrepay** တွင်ကြည့်ရှုပါ။

### ထပ်ဆင့်အပို ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများ

သင့်အနေဖြင့် အပို အကူအညီလိုအပ်မည့် အချို့ ကုန်ကျစရိတ်များ သို့မဟုတ် အခက်အခဲများ ရှိကောင်းရှိနိုင်သည်ကို ကျွန်ုပ်တို့ သိပါသည်။ သင်သည် အချို့သော အောက်ပါတို့ကိုလည်း ရကောင်း ရနိုင်ပါသည်-

- Rent Assistance
- Child Care Subsidy
- Rent Deduction Scheme

- Agents and Access Points
- Financial Information Service။

ဤထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုတို့နှင့်ပတ်သက်သည့် ပိုမိုသော အချက်အလက်များအတွက် **humanservices.gov.au** တွင်ကြည့်ရှုပါ သို့မဟုတ် ကျွန်ုပ်တို့အား ဖုန်းခေါ်ပါ။

## သင့်ကိစ္စကို အွန်လိုင်းဖြင့် ဆောင်ရွက်ပါ

အချိန်မရွေး၊ မည်သည့်နေရာကမဆို အွန်လိုင်းဖြင့် ကျွန်ုပ်တို့နှင့် လုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူပါသည်။ Centrelink သို့မဟုတ် Medicare အွန်လိုင်း စာရင်းတစ်ခုကို ဖုန်းခေါ်ရန် သို့မဟုတ် ကျွန်ုပ်တို့ထံ လာရောက်ရန်မလိုအပ်ဘဲ သင့် အချက်အလက်များအား ရယူရန် နှင့် သင့်ကိစ္စကိုဆောင်ရွက်ရန် အသုံးပြုပါ။

## myGov နှင့် အွန်လိုင်း စာရင်းများ

myGov သည် အစိုးရ ဝန်ဆောင်မှု အားလုံးကို တစ်နေရာတည်းတွင် ရယူဆောင်ရွက်ရန် သင့်အား လုပ်ပေးထားပါသည်။

သွားရောက်ရန်မှာ **my.gov.au** တွင်ဝင်ရောက်ပြီး သင့် myGov စာရင်းကိုဖွင့်လှစ်ရန် ညွှန်းထားသည့်အတိုင်း လိုက်လုပ်ပါ။ သင့် အွန်လိုင်းစာရင်းကို အချိတ်အဆက်လုပ်ရန်အတွက် ဝန်ဆောင်မှုများ (Services) ကိုရွေးပြီးနောက် Medicare သို့မဟုတ် Centrelink ကိုရွေးပါ။ သင့်အား သီးခြားမေးထားသော မေးခွန်းအချို့ကို သင် ဖြေဆိုရန်လိုအပ်ပါမည်။ ၎င်းသည် မှန်ကန်သော မှတ်တမ်းကို သင့် myGov စာရင်းသို့ ချိတ်ဆက်ပေးရန်အတွက် ကျွန်ုပ်တို့အား အထောက်အကူပြုပါသည်။

myGov နှင့်ပတ်သက်၍ ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **humanservices.gov.au/mygov** တွင်ကြည့်ရှုပါ။

စာရင်း myGov တစ်ခုကို ဖွင့်လှစ်ရန် သို့မဟုတ် Medicare သို့မဟုတ် Centrelink အွန်လိုင်း စာရင်းတစ်ခုကို မှတ်ပုံတင်ရန် **humanservices.gov.au/register** တွင်လုပ်ပါ။

သင်၏ myGov စာရင်း၊ Centrelink အွန်လိုင်း စာရင်းနှင့် Medicare အွန်လိုင်း စာရင်းများနှင့်ပတ်သက်၍ အကူအညီအတွက် **humanservices.gov.au/onlineguides** တွင်ကြည့်ပါ။

## myGov Access လျှို့ဝှက်နံပါတ် ဖန်တီးပေးသည့် အက်ပ်

အကယ်၍ သင်သည် နိုင်ငံခြားသို့ ခရီးထွက်ရန် ပြင်ဆင်နေလျှင် သို့မဟုတ် သင့် မိုဘိုင်းဖုန်းတွင် လိုင်းအဆက်အသွယ် အကန့်အသတ်ရှိလျှင် သင် myGov Access အက်ပ်ကို လိုအပ်ကောင်း လိုအပ်နိုင်သည်။ myGov Access သည် လျှို့ဝှက်နံပါတ် ဖန်တီးပေးသည့် အက်ပ်တစ်ခု ဖြစ်သည်။ သင်၏ myGov စာရင်းကို သင် စာရင်းဝင်ရောက်သည့်အခါ ၎င်းသည် သင် သုံးရန် တစ်ခါသုံး လျှို့ဝှက်နံပါတ်ကို ဖန်တီးပေးပါသည်။ ၎င်းသည် myGov အတွက် အက်ပ်တစ်ခု မဟုတ်ပါ။

အကယ်၍ သင်သည် နိုင်ငံခြားသို့ ခရီးသွားနေပြီး သင့်တွင် မိုဘိုင်းဖုန်းတစ်လုံးရှိလျှင် သင် ခရီးမသွားမီ အက်ပ်ကို ဒေါင်းလုဒ်လုပ်ယူပြီး အသင့်ဆင်ထားရန် သေချာစေပါ။

အရေးကြီးသော myGov Access သတင်းအချက်အလက်နှင့်ပတ်သက်၍ **humanservices.gov.au/mygov** တွင်ကြည့်ရှုပါ။

## Express Plus မိုဘိုင်းဖုန်း အက်ပ်

ကျွန်ုပ်တို့၏ Express Plus မိုဘိုင်းဖုန်း အက်ပ်ကို ကျွန်ုပ်တို့နှင့် လုပ်ကိုင်ဆောင်ရွက်ရန် တစ်ရက် 24 နာရီ တစ်ပတ် 7 ရက် သုံးပါ။ သင့်အနေဖြင့် myGov စာရင်းတစ်ခုကို Centrelink သို့မဟုတ် Medicare ဖြင့် သင် အက်ပ်ကို အသင့်ဆင်ထားခြင်း မလုပ်မီ ချိတ်ဆက်ထားရန်လိုအပ်ပါမည်။

ကျွန်ုပ်တို့၏ အက်ပ်ဖြင့် သင် လုပ်နိုင်သည့် ကိစ္စများနှင့်ပတ်သက်သည့် ပိုမိုသော အချက်အလက်များအတွက် **humanservices.gov.au/expressplus** ဘိုင်းဖုန်း အက်ပ်

## Express Plus Lite မို

Express Plus Lite မိုဘိုင်းအက်ပ်အားဖြင့် သင်၏ ဝင်ငွေ သတင်းပို့ရန် အာရတ်၊ တရုတ်၊ အင်္ဂလိပ်၊ ပါးရှား (ဖါစီ) နှင့် ဗီယက်နမ် ဘာသာစကားများဖြင့် လုပ်နိုင်ပါသည်။ ပိုမိုဖတ်ရှုရန်အတွက် **humanservices.gov.au/expresspluslite** သို့ဝင်ရောက်ကြည့်ရှုပါ

## လိမ်လည်မှုများ နှင့် သင်၏ အွန်လိုင်း လုံခြုံရေး

သင့် အချက်အလက်များကို အွန်လိုင်းပေါ်၌ လုံခြုံစွာထားပါ။ မည်သို့လုပ်ရမည်ကို သိရှိရန် **humanservices.gov.au/scams** တွင်ကြည့်ရှုပါ။

အကယ်၍ သင်သည် လိမ်ညာခံရကြောင်း ထင်မြင်လျှင် ကျွန်ုပ်တို့၏ Scams and Identity Theft Helpdesk ကိုဖုန်း **1800 941 126** ဖြင့်ခေါ်ပါ။

## လက်ရှိအဖြစ်ဆုံး အချက်အလက်ဖြင့် မှတ်တမ်းတင်ခြင်း

ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများအပေါ်ပြုလုပ်သည့် ပြောင်းလဲချက်များအကြောင်း သိရှိရန်-

**humanservices.gov.au/multicultural** ကိုသွားရောက်၍ လက်ရှိအဖြစ်ဆုံး သတင်းအချက်အလက်များရယူရန်အတွက် ကျွန်ုပ်တို့၏ အွန်လိုင်း သတင်း ဝန်ဆောင်မှုတွင် စာရင်းသွင်းပါ။

ကျွန်ုပ်တို့အား **facebook.com/HumanServicesAU** တွင် "like" လုပ်ပြီး မေးခွန်းမေးပါ

ကျွန်ုပ်တို့အား Twitter တွင် **twitter.com/HumanServicesAU** ၌ "follow" လုပ်ပါ

# နောက်ထပ်အချက်အလက်များအတွက်

- အင်္ဂလိပ်စာဖြင့် ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **humanservices.gov.au/multicultural** တွင်ကြည့်ရှုပါ

- ဝက်ဘ်ဆိုက် **humanservices.gov.au/yourlanguage** တွင် သင်သည် သတင်းအချက်အလက်များကို သင့်ဘာသာစကားဖြင့် ဖတ်ရှုနိုင်သည်၊ နားထောင်နိုင်သည် သို့မဟုတ် ဗီဒီယို ကြည့်ရှုနိုင်သည်
- ဖုန်း **131 202** ကို သင့်ဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့် Centrelink ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများအကြောင်း ပြောဆိုရန် ခေါ်ပါ
- Translating and Interpreting Service (TIS National) ကို ဖုန်း **131 450** ဖြင့် ကျွန်ုပ်တို့နှင့် သင့်ဘာသာစကားဖြင့် Medicare နှင့် Child Support ထောက်ပံ့ကြေးပေးငွေများနှင့် ဝန်ဆောင်မှုများ အကြောင်း ပြောဆိုရန် ခေါ်ပါ
- ဝန်ဆောင်မှုဌာန တစ်ခုသို့ သွားပါ။

**မှတ်ချက် -** ဩစတြေးလျနိုင်ငံ မည်သည့်နေရာမှမဆို သင့်အိမ်ဖုန်းမှ ဖုန်း '13' နံပါတ်များသို့ ခေါ်သော ဖုန်းခေါ်ခများကို ပုံသေနှုန်းဖြင့် ကျခံရပါသည်။ ထိုနှုန်းသည် ဒေသအတွင်း ဖုန်းခေါ်ဆိုခနှင့် ကွာခြားမှု ရှိကောင်းရှိနိုင်ပြီး တယ်လီဖုန်း ဝန်ဆောင်မှု ပေးသူများအကြား၌လည်း ကွာခြားမှု ရှိကောင်းရှိနိုင်သည်။ ဖုန်း '1800' နံပါတ်များကို သင့် အိမ်ဖုန်းမှ ဖုန်းခေါ်မှုများမှာ အခမဲ့ဖြစ်သည်။ မိုဘိုင်းဖုန်းများနှင့် ဖုန်းဆက်လျှင် ၎င်းတို့ကို အချိန်နှင့်တွက်ချက်ပြီး အခနှုန်းမှာ ပိုများနိုင်သည်။

## တာဝန်မယူငြင်းဆိုချက်

ဤထုတ်ဝေချက်ပါ သိကောင်းစရာ အချက်အလက်များကို ပေးငွေများနှင့် ဝန်ဆောင်မှုများအတွက် လမ်းညွှန်သက်သက်အဖြစ်သာ ရည်ရွယ်ထားပါသည်။ သင့်အနေဖြင့် ထောက်ပံ့ကြေးပေးငွေ အတွက် လျှောက်ထားလိုမလို နှင့် သင်၏ သီးခြား အခြေအနေများနှင့် ပတ်သက်ပြီး လျှောက်လွှာတစ်စောင်ကို လျှောက်ထားရန်မှာ သင်၏တာဝန်ဖြစ်သည်။

# Recently arrived in Australia?

This brochure has information that might be useful to you if you've recently moved to Australia. Settling in can be a challenging experience. As a new arrival, you may get some payments and services from the Australian Government.

## Health services

Australia has a national health care system—Medicare. Medicare provides payments and services that can help when you use health care services or buy medicines. This includes getting some money back if you pay to visit a doctor, and getting cheaper medicines through the Pharmaceutical Benefits Scheme or Repatriation Pharmaceutical Benefits Scheme. For more information go to **humanservices.gov.au/medicareservices**

For more information about eligibility requirements and how to enrol in Medicare go to **humanservices.gov.au/medicarecard**

You can get a My Health Record when you enrol in Medicare. A My Health Record is a secure online summary of your health information. You can control what goes into it, and who can access it. You can choose to share your health information with your doctors, hospitals and other healthcare providers. You can manage your child's My Health Record until they turn 14. Once they turn 14, they can manage it themselves.

For information about using your My Health Record go to **myhealthrecord.gov.au** or call **1800 723 471**.

If you're visiting Australia from certain countries, you may be entitled to some subsidised health services under Reciprocal Health Care Agreements. Australia has Reciprocal Health Care Agreements with a number of other countries. For a list of these countries go to **humanservices.gov.au/rhca**

If you're from one of these countries and meet the eligibility requirements, you may be eligible for Medicare services while you're in Australia.

## Our payments

The payments you can get depend on the type of visa you hold or if you already have Australian citizenship. There may also be waiting periods and other conditions you need to know about.

You may get certain payments if you're new to Australia and have a permanent residence, humanitarian, refugee, provisional partner or temporary protection type visa, or you're a New Zealander living in Australia on a Special Category visa.

For more information about residence requirements go to **humanservices.gov.au/residencedescriptions**

### Your payment obligations

Some of our payments require you to do certain activities and go to certain appointments. It's important you do these activities and go to your appointments to avoid your payments being stopped.

## Immunisation and family assistance

Vaccines listed on the National Immunisation Program Childhood Schedule are linked to family assistance payments. We'll check if each child you're receiving family payments for meets the immunisation requirements.

Your child must be up to date with their immunisations for you to get:

- the full entitlement of Family Tax Benefit Part A
- Child Care Subsidy.

To view the National Immunisation Program Schedule, go to **health.gov.au/immunisation**

For more information about immunisation requirements, go to **humanservices.gov.au/immunisation**

You don't need to tell us when your child is immunised—we check their status on the Australian Immunisation Register (AIR) using their Medicare details.

You can view immunisation history statements for yourself or your child under 14 years using your Medicare online account through myGov or the Express Plus Medicare mobile app. If you're 14 years or older, you can view your own immunisation history statement. If you don't have a myGov account you can create one at **my.gov.au** and link to Medicare.

Read more about the AIR at **humanservices.gov.au/air**

## Waiting Periods

New residents must serve certain waiting periods before claiming payments. There are exemptions to this. For example, if you arrived on a refugee visa.

Your waiting period starts on the day you start living here after you get a permanent residence visa. Only days spent in Australia during this time count towards the waiting period.

For more information, go to **humanservices.gov.au/newresidentswaiting**

## International social security agreements

We have agreements with other countries that may help you get a payment from us. They may also help you get a payment from the other country. Time spent in Australia and the other country may help you to qualify for payments. For more information go to **humanservices.gov.au/issa**

## Payments paid outside Australia

Your payment or concession card may be affected if you go overseas. Depending on which payment you get, you may need to tell us about your travel plans before you leave. For more information, go to **humanservices.gov.au/paymentsoverseas**

# Our Services

## Information in your language

We have information in over 65 languages that you can read, listen to or watch to help you understand our payments and services. For information in languages other than English go to **humanservices.gov.au/yourlanguage**

If you're claiming one of our payments or services, we'll translate documents you need for free.

Call us on **131 202** to speak to someone in your language about Centrelink payments and services. For help with Medicare or Child Support services call the Translating and Interpreting Service (TIS National) on **131 450**.

### Multicultural Service Officers

Multicultural Service Officers work with community groups and organisations to help migrants and refugees connect with our payments and services.

### Refugee services

If you've arrived in Australia on a refugee or humanitarian visa, or you were granted a Permanent Protection Visa in Australia, we can help you settle into your new life. Our refugee services can help you with financial assistance, Medicare enrolment, to get a Tax file number and referrals for:

- English language classes
- education and training
- employment assistance
- other government and community services.

Your Humanitarian Settlement Program provider will help you access our services. You can also visit a service centre to claim payments or services.

### Social workers

Our social workers can provide short term counselling and information to help you through a difficult time. Social workers can also connect you with other support and services to help you. To speak to a social worker call **132 850** or visit a service centre.

### International Services

We can check if you can get a payment from us based on a social security agreement with another country. We can also help you claim a foreign pension. Contact us on **131 673**.

## Other information

### Tell us about changes in your life

You need to tell us if your circumstances change. This could include changing your address, starting or stopping work or study, or if you have a baby.

If you don't tell us about changes to your circumstances, we may pay you too much and you will need to pay it back to us.

We do regular reviews to ensure people get the right payment and the right amount.

For information on what to update and how, go to **humanservices.gov.au/notifychanges**

## Owing money

Sometimes people owe us money. If you owe us money you'll need to pay us back. For more information go to **humanservices.gov.au/owingmoney**

## Assurance of Support

An Assurance of Support is a commitment by an individual or an organisation to support a person who is applying to migrate to Australia.

If you are in Australia under an Assurance of Support arrangement and you are paid certain income support payments from us, your assurer must repay the full amount while the arrangement is in place.

## Learning English

We can help you access classes where you can learn or improve your English. You'll need to learn English if you want to become an Australian citizen.

If you were granted a visa to come to Australia as a migrant, refugee or humanitarian entrant, you can access free English classes through the Department of Education's Adult Migrant English Program (AMEP). You'll need to register with one of the AMEP service providers within 6 months (or 12 months if aged between 15 and 17 years) of arriving in Australia or being granted permanent residence.

The Skills for Education and Employment program, can help you improve your English, reading, writing and basic maths skills to increase your chances of getting and keeping a job. To find out if you're eligible for this program, call us or visit a service centre.

## Family and domestic violence

We support people affected by family and domestic violence by providing information, resources and referrals.

We have information available in different languages. If you or someone you know is affected by family and domestic violence, go to **humanservices.gov.au/domesticviolence**

Support is also available from:

**1800RESPECT—1800 737 732** or **1800RESPECT.org.au**

**MensLine Australia—1300 789 978** or **mensline.org.au**

# Extra assistance

## Getting someone to deal with us on your behalf

If you'd prefer to have someone else handle your Centrelink, Medicare or Child Support business, you can authorise a person or organisation to deal with us on your behalf.

For more information about these arrangements go to **humanservices.gov.au/authorisedrepresentative** call us or visit a service centre.

## Managing your money

The way you use your money will change over your lifetime. For information to help you at different times in your life go to **humanservices.gov.au/managingmoney**

## Centrepay

Centrepay is a voluntary bill-paying service which is free for customers. Use Centrepay to arrange regular deductions from your Centrelink payment. You can pay your regular bills and other expenses such as rent, electricity and phone. You can start or stop using Centrepay whenever you like. To set up or manage your deductions you can use your Centrelink online account via myGov or the Express Plus mobile app.

For more information or to find an approved business go to **humanservices.gov.au/centrepay**

## Additional payments and services

We understand you may have some costs or issues you need extra help with. You may also access some of the following:

- Rent Assistance
- Child Care Subsidy
- Rent Deduction Scheme
- Agents and Access Points
- Financial Information Service.

For more information about these payments and services go to **humanservices.gov.au** or call us.

## Do your business online

It's easy to do business with us online, anytime and anywhere. Use a Centrelink or Medicare online account to access your information and do your business without needing to call or visit us.

## myGov and online accounts

myGov gives you access to government services online all in one place.

Go to **my.gov.au** and follow the prompts to create your myGov account. To link your online account, select Services and then Medicare or Centrelink. You'll need to answer some questions, specific to you. This helps us link the correct record to your myGov account.

For more information about myGov go to **humanservices.gov.au/mygov**

To create a myGov account, or register for a Medicare or Centrelink online account, go to **humanservices.gov.au/register**

For help with your myGov account, Centrelink online account and Medicare online accounts, go to **humanservices.gov.au/onlineguides**

## myGov Access code creator app

If you're planning to travel overseas or you have limited mobile reception, you may need the myGov Access app. myGov Access is a code creator app. It creates a one-time use code you use when you sign in to your myGov account. It isn't an app for myGov.

If you’re travelling overseas and you have a mobile device, make sure you download and set up the app before you go.

For important information about myGov Access go to **humanservices.gov.au/mygov**

## Express Plus mobile apps

Use our Express Plus mobile apps to do business with us 24 hours a day, 7 days a week. You’ll need a myGov account linked to Centrelink or Medicare, before you can set up the app.

For more information about the tasks you can do with our apps go to **humanservices.gov.au/expressplus**

## Express Plus Lite mobile app

The Express Plus Lite mobile app lets you report your income in Arabic, Chinese, English, Persian (Farsi) and Vietnamese. Go to **humanservices.gov.au/expresspluslite** to read more.

## Scams and your online security

Keep your information safe online. Go to **humanservices.gov.au/scams** to find out how.

If you think you’ve been scammed call our Scams and Identity Theft Helpdesk on **1800 941 126**.

## Keeping up to date

To find out about changes being made to payments and services:

visit and subscribe to our online news service for up-to-date information at **humanservices.gov.au/multicultural**

like us on **facebook.com/HumanServicesAU** and ask us a question

follow us on Twitter at **twitter.com/HumanServicesAU**

# For more information

- go to **humanservices.gov.au/multicultural** for more information in English
- go to **humanservices.gov.au/yourlanguage** where you can read, listen to or watch information in your language
- call **131 202** to speak with us in your language about Centrelink payments and services
- call the Translating and Interpreting Service (TIS National) on **131 450** to speak with us in your language about Medicare and Child Support payments and services
- visit a service centre.

**Note**: calls from your home phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It is your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.